

# FoodShare လျှောက်ထားသူများနှင့် အသက် 16 နှစ်မှ 59 နှစ်ကြား အဖွဲ့ဝင်များအတွက် FoodShare အခြေခံအလုပ်စည်းမျဉ်းများ

**(FoodShare Basic Work Rules for FoodShare Applicants and Members Ages 16 Through 59)**

## FoodShare အခြေခံစည်းမျဉ်းများမှာ အဘယ်နည်း။

ဖက်ဒရယ်စည်းမျဉ်းများအရ အသက် 16 နှစ်မှ 59 နှစ်ကြားရှိသော FoodShare လျှောက်ထားသူများနှင့် အဖွဲ့ဝင်များသည် FoodShare အခြေခံအလုပ်စည်းမျဉ်းများကို လိုက်နာရန် လိုအပ်ပါသည်။ သင်သည် FoodShare လျှောက်လွှာကို ဖြည့်စွက်တင်သွင်းသောအခါ သို့မဟုတ် သင်၏အကျိုးခံစားခွင့်များကို သက်တမ်းတိုးသည့်အခါ သင်သည် FoodShare အခြေခံအလုပ်စည်းမျဉ်းများကို လိုက်နာရန် သဘောတူပြီး အလုပ်အတွက် စာရင်းသွင်းထားသည်။

FoodShare အခြေခံအလုပ်စည်းမျဉ်းများသည် နေအိမ်တွင် အတူနေထိုင်သည့် သားသမီးမရှိသော အသက် 18 နှစ်မှ 54 နှစ်ကြား အရွယ်ရောက်ပြီးသူအချို့အတွက် FoodShare အလုပ်လိုအပ်ချက်နှင့် ကွာခြားပါသည်။

သင်သည် FoodShare အခြေခံအလုပ်စည်းမျဉ်းများကို လိုက်နာခြင်းမရှိသလို ကင်းလွတ်ခွင့်လည်း မရှိပါက FoodShare အကျိုးခံစားခွင့်များကို အချိန်အတိုင်းအတာတစ်ခုအထိ ရရှိနိုင်မည်မဟုတ်ပါ။ ဤသည်ကို ဒဏ်ခတ်ကာလဟု ခေါ်ပါသည်။

သင်သည် အခြေခံအလုပ်စည်းကမ်းများကို လိုက်နာရန် လိုအပ်ပါက သင့်အနေဖြင့် အောက်ပါတို့ကို လုပ်ဆောင်ရပါမည်-

- သင့်အေဂျင်စီထံ သင်၏ အလုပ်အကိုင်အခြေအနေ သို့မဟုတ် အလုပ်လုပ်နိုင်မှု ရှိမရှိကို ဖော်ပြပေးအပ်ရန်။
- တစ်ပတ်လျှင် နာရီ 30 သို့မဟုတ် ထိုထက်ပိုသော အလုပ်မှ (သို့မဟုတ် အပတ်စဉ် ဝင်ငွေ $217.50 သို့မဟုတ် ထို့ထက်ပိုဝင်သော အလုပ်မှ) အကြောင်းပြချက်ကောင်းမရှိဘဲ ဆန္ဒအလျောက် အလုပ်ထွက်ခြင်း မပြုရန်။
- အကြောင်းပြချက်ကောင်းမရှိဘဲ သင့်အလုပ်ချိန်ကို တစ်ပတ်လျှင် နာရီ 30 အောက်သို့ မလျှော့ချရန် (သင် အပတ်စဉ်လုပ်ခ $217.50 သို့မဟုတ် ထို့ထက်ပို၍ ရရှိနေခြင်းမရှိပါက)။
- သင့်လျော်သောအလုပ်တစ်ခုကို ကမ်းလှမ်းခံရပါက အလုပ်ကမ်းလှမ်းချက်ကို လက်ခံရန်။

- သင်သည် အလုပ်လက်မဲ့အကျိုးခံစားခွင့်များကို လျှောက်ထားပြီးဖြစ်ပါက သို့မဟုတ် ရရှိနေပါက အလုပ်လက်မဲ့လျော်ကြေးအစီအစဉ် အလုပ်လိုအပ်ချက်များကို ဖြည့်ဆည်းရန်။
- W-2 တွင် သင်ပါဝင်နေပါက Wisconsin Works (W-2) ပါဝင်မှု  လိုအပ်ချက်များကို ဖြည့်ဆည်းရန်။

## FoodShare အခြေခံအလုပ်စည်းမျဉ်းများမှ ကင်းလွတ်ခွင့်များမှာ အဘယ်နည်း။

အောက်ပါ**မည်သည့်အချက်မဆို** မှန်ကန်ပါက သင်သည် FoodShare အခြေခံ အလုပ်စည်းမျဉ်းများကို လိုက်နာရခြင်းမှ ကင်းလွတ်ခွင့်နှင့် ကိုက်ညီသည်-

- သင်သည် အသက် 16 နှစ် သို့မဟုတ် 17 နှစ်ဖြစ်ပြီး FoodShare လျှောက်ထားရယူသည့် အိမ်ထောင်စုတွင် အဓိကပုဂ္ဂိုလ် မဟုတ်ခြင်း။
- သင်သည် အသက် 16 နှစ် သို့မဟုတ် 17 နှစ်ဖြစ်ပြီး FoodShare လျှောက်ထားရယူသည့် အိမ်ထောင်စုတွင် အဓိကပုဂ္ဂိုလ်ဖြစ်သော်လည်း အနည်းဆုံး အချိန်တစ်ဝက်ခန့် ကျောင်းအပ်နှံထားသူဖြစ်ခြင်း သို့မဟုတ် အလုပ်အကိုင်နှင့်သင်တန်း အစီအစဉ်တစ်ခုခုတွင် အမည်စာရင်းပေးထားခြင်း။
- သင့်အနေဖြင့် အလုပ်အတွက် ကိုက်ညီသူမဖြစ်ကြောင်း တွေ့ရခြင်း။ အောက်ပါအချက်များဖြစ်ပါကလည်း သက်ရောက်မည်ဖြစ်သည်-
  - သင့်အနေဖြင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက အရင်းအမြစ်တစ်ခုမှ မသန်စွမ်း အကျိုးခံစားခွင့်များကို ယာယီသို့မဟုတ် အမြဲတမ်း ရရှိနေခြင်း။
  - သင့်အေဂျင်စီပြောပြချက်အရ သင်သည် အလုပ်လုပ်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အဆင်မပြေမှုရှိကြောင်း တွေ့ရှိရခြင်။
  - ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူ သို့မဟုတ် လူမှုရေးဝန်ထမ်း တစ်ဦးက သင်သည် အလုပ်လုပ်ရန် အဆင်မပြေနိုင်သည့် အခြေအနေရှိကြောင်း အတည်ပြုခံထားရခြင်း။
- သင်သည် W-2 တွင် စာရင်းသွင်းထားပြီး W-2 ပါဝင်မှုလိုအပ်ချက်များကို လိုက်နာဆောင်ရွက်နေခြင်း။
- သင်သည် အသက် 6 နှစ်အောက် မှီခိုကလေးငယ်တစ်ဦးအား ကနဦး စောင့်ရှောက်မှု ပေးနေရသူဖြစ်ခြင်း (ကလေးအနေဖြင့် သင့်အိမ်တွင် ရှိသည်ဖြစ်စေ သို့မဟုတ် သင့်အိပ်ပြင်ပတွင် ရှိသည်ဖြစ်စေ)။ သို့သော်လည်း သင်နှင့်အခြားသူတစ်ဦးသည် ကလေးအား မိဘအဖြစ် စောင့်ရှောက်နေပါက သင်တို့နှစ်ဦးထဲက တစ်ဦးကသာ ကလေးစောင့်ရှောက်မှု လုပ်ဆောင်ပေးနိုင်ရန်အတွက် အလုပ် မှတ်ပုံတင်လိုအပ်ချက်များ ကင်းလွတ်ခွင့်ရရှိနိုင်မည်ဖြစ်သည်။
- သူ သို့မဟုတ် သူမ အနေဖြင့် မိမိကိုယ်မိမိ စောင့်ရှောက်မှု မလုပ်နိုင်သူတစ်ဦးကို သင်က ကနဦး စောင့်ရှောက်မှု ပေးနေရသူဖြစ်ခြင်း (အဆိုပါ ပုဂ္ဂိုလ်သည် သင်အိမ်တွင် နေထိုင်သူဖြစ်စေ သင်အိမ်ပြင်ပတွင် နေထိုင်သူဖြစ်စေ)။
- သင့်အနေဖြင့် အလုပ်လက်မဲ့ နစ်နာကြေးကို ရရှိရန် လျှောက်ထားသူ သို့မဟုတ် ရရှိထားသူ ဖြစ်ခြင်း။
- သင့်အနေဖြင့် alcohol or other drug abuse (အရက် သို့မဟုတ် အခြား မူးယစ်ဆေးဝါး ဆိုင်ရာ) (AODA) ကုသမှုခံယူနေခြင်း သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်တွင် ပုံမှန်ဆောင်ရွက်နေခြင်း။
- သင်သည် တစ်ပတ်လျှင် နာရီ 30 သို့မဟုတ် ထို့ထက်ပို၍ အလုပ်လုပ်နေခြင်း သို့မဟုတ် အပတ်စဉ်လုပ်ခ $217.50 သို့မဟုတ် ထို့ထက်ပို၍ရနေခြင်း။
- သင်သည် အသိအမှတ်ပြု ကျောင်း၊ သင်တန်းအစီအစဉ် သို့မဟုတ် အထက်တန်းအဆင့်ကျောင်းတွင် အနည်းဆုံး အချိန်တစ်ဝက်စာ အပ်နှံထားသူဖြစ်ခြင်း။

ဤကင်းလွတ်ခွင့်များထဲမှ တစ်ချက်နှင့် ကိုက်ညီပါက သင့်အေဂျင်စီကို သက်သေပြရန် လိုအပ်နိုင်ပါသည်။

## ကျွန်ုပ်သည် အခြေခံအလုပ်စည်းမျဉ်းများကို လိုက်နာခြင်းမရှိသလို  ကင်းလွတ်ခွင့်ကိုလည်း မပြည့်မီပါက မည်သို့ဖြစ်မည်နည်း။

သင်သည် အခြေခံအလုပ်စည်းမျဉ်းများကို လိုက်နာခြင်းမရှိသလို ကင်းလွတ်ခွင့်ကိုလည်း မပြည့်မီပါက သတ်မှတ်ထားသော ဒဏ်ခတ်ကာလတစ်ခုအတွင်း FoodShare အကျိုးခံစားခွင့်များကို သင်ရရှိနိုင်မည်မဟုတ်ပါ။ ၎င်းတွင် သင့်ဆန္ဒအလျောက်နှင့် အကြောင်းပြချက်ကောင်းမပါဘဲ အောက်ပါတို့အနက် တစ်ခုခုကို လုပ်ဆောင်ခြင်းပါဝင်ပါသည်-

- သင့်လျော်သော အလုပ်ကမ်းလှမ်းချက်ကို ပယ်ချခြင်း။
- တစ်ပတ်လျှင် နာရီ 30 သို့မဟုတ် ထို့ထက်ပိုသော အလုပ် (သို့မဟုတ် ဖက်ဒရယ်ဆိုင်ရာ အနည်းဆုံး လုပ်ခလစာဖြင့် တစ်ပတ်လျှင် နာရီ 30 သို့မဟုတ် ထို့ထက်ပို၍ ဝင်ငွေရှိသော အလုပ်) မှ ထွက်ခြင်း။
- တစ်ပတ်လျှင် နာရီပေါင်း 30 အောက်ဖြစ်စေရန် အလုပ်ချိန်ကို လျှော့ချခြင်း (သို့မဟုတ် ဖက်ဒရယ်ဆိုင်ရာ အနည်းဆုံး လုပ်ခလစာဖြစ်သည့် အဆ 30 ထက် လျော့ခြင်း)။
- W-2 တွင် ပါဝင်ဆောင်လှုပ်ရှားသော်လည်း W-2 အစီအစဉ် အလုပ် လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း။
- အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို လျှောက်ထားခြင်း သို့မဟုတ် ရရှိခြင်း ရှိသော်လည်း အလုပ်လက်မဲ့ နစ်နာကြေး အစီအစဉ် အလုပ် လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း။

## ကျွန်ုပ်သည် ကင်းလွတ်ခွင့် ဆုံးရှုံးလျှင် မည်သို့ဖြစ်မည်နည်း။

အကယ်၍ သင်သည် ကင်းလွတ်ခွင့်ဆုံးရှုံးသွားပါက FoodShare အခြေခံအလုပ်စည်းမျဉ်းသတ်မှတ်ချက်များကို လိုက်နာရပါမည်။ အကယ်၍ သင်သည် အကြောင်းပြချက်ကောင်းမရှိဘဲ အောက်ပါ ကင်းလွတ်ခွင့်များထဲမှ တစ်ခုကို ဆုံးရှုံးခဲ့ပါက၊ သင့်တွင် အခြား ကင်းလွတ်ခွင့် မရှိလျှင် သတ်မှတ်ထားသော ဒဏ်ခတ်ကာလတစ်ခုအတွင်း FoodShare အကျိုးခံစားခွင့်များကို ရရှိနိုင်မည် မဟုတ်ပါ။

- သင်သည် W-2 တွင် စာရင်းပေးသွင်းထားပြီး W-2 အလုပ် လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိခြင်း။
- သင့်အနေဖြင့် အလုပ်လက်မဲ့ နစ်နာကြေးကို ရရှိရန် လျှောက်ထားသူ သို့မဟုတ် ရရှိထားသူ ဖြစ်ခြင်း။
- သင်သည် ရက်သတ္တပတ် တစ်ပတ်လျှင် နာရီပေါင်း 30 သို့မဟုတ် ၎င်းထက်ပိုပြီး အလုပ်လုပ်ရခြင်း သို့မဟုတ် ဖက်ဒရယ်ဆိုင်ရာ အနည်းဆုံး လုပ်ခလစာဖြစ်သည့် တစ်ပတ်လျှင် နာရီပေါင်း 30 သို့မဟုတ် ၎င်းထက်ပိုသည့် အလုပ်ချိန်နှင့် တူညီသော လုပ်ခလစာကို ရရှိသူဖြစ်ခြင်း။

## ဒဏ်ခတ်ကာလသည် မည်မျှကြာသနည်း။

ဒဏ်ခတ်ကာလ၏ကြာချိန်သည် သင့်အပေါ် ယခင်က ဒဏ်ခတ်အရေးယူမှုတစ်ခုခု ရှိခြင်းမရှိခြင်း  ပေါ်တွင် မူတည်ပါသည်။

- ပထမအကြိမ် ဒဏ်ခတ်ကာလသည် တစ်လကြာမြင့်သည်။
- ဒုတိယအကြိမ် ဒဏ်ခတ်ကာလသည် သုံးလကြာမြင့်သည်။
- တတိယ သို့မဟုတ် နောက်ဆက်တွဲ ဒဏ်ခတ်ကာလသည် ခြောက်လ ကြာမြင့်သည်။

## ကျွန်ုပ်သည် ဒဏ်ခတ်ကာလကို စောစီးစွာရပ်တန့်နိုင်ပါသလား။

သင့်အနေဖြင့် အလုပ် မှတ်ပုံတင် လိုအပ်ချက်များမှ ကင်းလွတ်ခွင့် ရရှိလာပါက ဒဏ်ခတ်ကာလကို စောစီးစွာ အဆုံးသတ်နိုင်ပါသည်။

## ကျွန်ုပ်၏ ဒဏ်ခတ်ကာလ ကုန်ဆုံးသည့်အခါ FoodShare ကို မည်သို့ပြန်လည်ရရှိမည်နည်း။

သင့်အနေဖြင့် ပြန်လည်လျှောက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ အကယ်၍ သင်သည် FoodShare

အဖွဲ့၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါက ပြန်လည် လျှော့ကျထားရမည့်အစား သင့်အမှုကို အပ်ဒိတ်လုပ်ရန် သင့်ဝန်ထမ်းအား အသိပေးရမည်။

## အကြောင်းပြချက်ကောင်းဆိုသည်မှာ အဘယ်နည်း။

အကြောင်းပြချက်ကောင်းဆိုသည်မှာ အလုပ်မှတ်ပုံတင်ခြင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် သင့်အား အဟန့်အတားဖြစ်စေသည့် သင်၏ထိန်းချုပ်မှုအောက်တွင် မရှိသော အခြေအနေတစ်ခုရှိနေခြင်းကို ဆိုလိုပါသည်။ သင့်တွင် အကြောင်းပြချက်ကောင်းမရှိပါက သတ်မှတ်ထားသော ဒဏ်ခတ်ကာလအတွင်း FoodShare အကျိုးခံစားခွင့်များကို သင်ရရှိနိုင်မည်မဟုတ်ပါ။ သင့်တွင် အကြောင်းပြချက်ကောင်းရှိပါက FoodShare အကျိုးခံစားခွင့်များကို သင်ဆက်လက်ရရှိနိုင်မည်ဖြစ်သည်။ အကြောင်းပြချက်ကောင်းရှိမရှိ ဆုံးဖြတ်ရန် သင့်အားကူညီသူဝန်ထမ်းက သင့်အခြေအနေကို သုံးသပ်ပါမည်။

အကြောင်းပြချက်ကောင်း နမူနာအချို့မှာ-

- အလုပ်သည် သင့်လျော်မှုမရှိသောကြောင့် အလုပ်ကမ်းလှမ်းမှုကို သင်လက်မခံခဲ့ပါ သို့မဟုတ် သင်သည် အလုပ်မှထွက်လိုက်ပါသည်။
- အလုပ်ရှင်၏တောင်းဆိုချက်အရ သင့်ကို အလုပ်ထုတ်ခဲ့ သို့မဟုတ် အလုပ်မှသင်ထွက်ခဲ့ရသည်။
- သင့်ကို အသက်၊ လူမျိုး၊ လိင်၊ ကျား/မ၊ အသားအရောင်၊ မသန်စွမ်းမှု၊ ဘာသာရေးယုံကြည်ချက်၊ နိုင်ငံသားဇာတိ သို့မဟုတ် နိုင်ငံရေးယုံကြည်ချက်များအပေါ် အခြေခံ၍ အလုပ်ရှင်မှ ခွဲခြားဆက်ဆံခြင်းခံခဲ့ရသည်။
- သင်သည် အခြားအလုပ်၊ လေ့ကျင့်ရေး သို့မဟုတ် ကျောင်းအတွက် သင့်အလုပ်မှထွက်ခဲ့သည်။
- သင်သည် နေရပ်ပြောင်းရွှေ့သွားသောကြောင့် အလုပ်ဆက်မလုပ်နိုင်တော့ပါ။
- သင်၏ တစ်ကိုယ်ရေကျန်းမာရေးပြဿနာများ သို့မဟုတ် အခြားသူများ၏ ကျန်းမာရေးပြဿနာများကြောင့် သင့်အလုပ်ကို ဆက်လက်လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပါ။
- သင့်ခွင့်ပြုချက်မရှိဘဲ သင့်အလုပ်ချိန်များကို သင့်အလုပ်ရှင်က လျှော့ချခဲ့သည်။
- AmeriCorps သို့မဟုတ် AmeriCorps VISTA ကဲ့သို့သော စေတနာ့ဝန်ထမ်းအစီအစဉ်တွင် ပါဝင်ရန် သင်သည် အလုပ်မှထွက်ခဲ့သည်။
- အလုပ်သွားရန် သင့်တွင် သယ်ယူပို့ဆောင်ရေးနည်းလမ်း မရှိခဲ့ပါ။
- အသက် 12 နှစ်အောက်ကလေးအတွက် သင်သည် ကလေးပြုစုစောင့်ရှောက်မှု မရရှိခဲ့ပါ။
- အေဂျင်စီက အကြောင်းပြချက်ကောင်းဟု ယူဆသည့် သင့်ထိန်းချုပ်မှုအောက်တွင် မရှိသော အခြားအခြေအနေများရှိခဲ့သည်။

## ကျွန်ုပ်မည်သို့ ပိုမိုလေ့လာနိုင်မည်နည်း။

အလုပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များအတွက် သင်၏အေဂျင်စီသို့ ဆက်သွယ်ပါ သို့မဟုတ် သင်၏စာရင်းသွင်းခြင်းနှင့် အကျိုးကျေးဇူးများလက်စွဲစာအုပ်၊ www.dhs.wisconsin.gov/publications/p0/p00079.pdf ကို ကိုးကားပါ။ သင့်အေဂျင်စီကိုရှာဖွေရန် www.dhs.wisconsin.gov/forwardhealth/imagency/index.htm သို့သွားပါ၊ သို့မဟုတ် အဖွဲ့ဝင်ဝန်ဆောင်မှုများကို 1-800-362-3002 တွင် ဖုန်းခေါ်ဆိုပါ (TTY နှင့် ဘာသာပြန်ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်)။

**မှတ်ချက်-** FoodShare အခြေခံအလုပ်စည်းမျဉ်းသတ်မှတ်ချက်များသည် အသက် 18 နှစ်မှ 54 နှစ်ကြား အလုပ်လုပ်နိုင်စွမ်းရှိသော အရွယ်ရောက်ပြီးသူများအတွက် FoodShare လုပ်ငန်းလိုအပ်ချက်နှင့် ကွာခြားသည်။

ဤလိုအပ်ချက်နှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များအတွက် FoodShare Wisconsin- အသက် 18 နှစ်မှ 54 နှစ်ကြား အရွယ်ရောက်ပြီးသူများအတွက် အလုပ်လိုအပ်ချက် အချက်အလက်စာရွက် (P-00710) ကို ကိုးကားပါ။ အချက်အလက်စာရွက်ကို ဤနေရာတွင် ရရှိနိုင်ပါသည် www.dhs.wisconsin.gov/publications/p0/p00710.pdf.

## ခွဲခြားဆက်ဆံမှုမရှိကြောင်း ထုတ်ပြန်ဖော်ပြချက်

ဖက်ဒရယ်နိုင်ငံသားအခွင့်အရေးဥပဒေနှင့် U.S. Department of Agriculture (အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန) (USDA) နိုင်ငံသားအခွင့်အရေးဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများနှင့်အညီ ဤအဖွဲ့အစည်းသည် လူမျိုး၊ အသားအရောင်၊ နိုင်ငံသားဇာတိ၊ လိင် (လိင်စိတ်ခံယူမှုနှင့် လိင်စိတ်တိမ်းညွှတ်မှုအပါအဝင်) ဘာသာရေးယုံကြည်ချက်၊ မသန်စွမ်းမှု၊ အသက်၊ နိုင်ငံရေးယုံကြည်ချက်များအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမှလည်းကောင်း၊ ယခင်နိုင်ငံသားအခွင့်အရေး လှုပ်ရှားမှုကြောင့် လက်တုံ့ပြန်မှု သို့မဟုတ် လက်စားချေမှု ပြုခြင်းမှလည်းကောင်း တားမြစ်ထားသည်။

ပရိုဂရမ်အချက်အလက်ကို အင်္ဂလိပ်ဘာသာမှလွဲ၍ အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ ပရိုဂရမ်အချက်အလက်ရရှိရန် အခြားသော ဆက်သွယ်ရေးနည်းလမ်းများ (ဥပမာ မျက်မမြင်စာ၊ ပုံနှိပ်စာလုံးကြီး၊ အသံတိပ်၊ အမေရိကန်လက်သင်္ကေတပြဘာသာစကား) ကို ရရှိရန်လိုအပ်သည့် မသန်စွမ်းသူများသည် မိမိတို့အကျိုးခံစားခွင့်လျှောက်ထားခဲ့သည့် အေဂျင်စီ (ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာ) သို့ ဆက်သွယ်သင့်သည်။ နားမကြားသူများ၊ အကြားအာရုံချို့တဲ့သူများသို့မဟုတ် စကားပြောရန် အခက်အခဲရှိသူများ အနေဖြင့် Federal Relay Service (ဖက်ဒရယ် သတင်း ဝန်ဆောင်မှု) ဖုန်းနံပါတ် (800) 877-8339 မှတစ်ဆင့် USDA သို့ ဆက်သွယ်နိုင်သည်။

အစီအစဉ်ခွဲခြားဆက်ဆံမှုဆိုင်ရာ တိုင်ကြားချက်တစ်ခုကို တင်သွင်းရန်အတွက် တိုင်ကြားသူတစ်ဦးသည် အွန်လိုင်းရှိ- https://www.usda.gov/sites/default/files/documents/ad-3027.pdf တွင် ရရှိနိုင်သည့် ဖောင်ပုံစံ AD-3027၊ USDA အစီအစဉ်ခွဲခြားဆက်ဆံမှုဆိုင်ရာ တိုင်ကြားချက်ပုံစံကို ဖြည့်သွင်း၍ မည်သည့် USDA ရုံးမှမဆိုဖြစ်စေ၊ (833) 620-1071 သို့ ခေါ်ဆို၍ဖြစ်စေ၊ သို့မဟုတ် USDA သို့လိပ်မူထားသည့် စာတစ်စောင် ရေးသားပေးပို့၍ဖြစ်စေ တိုင်ကြားသင့်သည်။ အဆိုပါစာတွင် တိုင်ကြားသူ၏အမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် နိုင်ငံသားအခွင့်အရေးချိုးဖောက်မှုဟု စွပ်စွဲခံထားရသည့်ဖြစ်ရပ်၏ သဘောသဘာဝနှင့် ရက်စွဲနှင့်ပတ်သက်၍ Assistant Secretary for Civil Rights (နိုင်ငံသားအခွင့်အရေး လက်ထောက်အတွင်းဝန်) (ASCR) အား အကြောင်းကြားရန် လုံလောက်သော အသေးစိတ်အချက်တို့ဖြင့် ခွဲခြားဆက်ဆံခံရသည့် လုပ်ဆောင်ချက်ကို ရေးသားဖော်ပြချက် ပါရှိရပါမည်။ ပြည့်စုံစွာဖြည့်စွက်ထားသော AD-3027 ပုံစံ သို့မဟုတ် စာကို အောက်ပါလိပ်စာသို့ ပေးပို့ရမည်-

(1) **စာတိုက်-**
Food and Nutrition Service, USDA
1320 Braddock Place, Room 334
Alexandria, VA 22314၊ သို့မဟုတ်

(2) **ဖက်စ်-**
(833) 256-1665 သို့မဟုတ် (202) 690-7442၊ သို့မဟုတ်

(3) **အီးမေးလ်-**
FNSCIVILRIGHTSCOMPLAINTS@usda.gov

ယခု အဖွဲ့အစည်းသည် တန်းတူအခွင့်အရေးပေးသည့် ထောက်ပံ့သူအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

2/15/2023